## ကရူးဆိတ်စစ်ပွဲများ

အေဒီ ၈ ရာစု အစပိုင်းကပင် စပိန်မှ ခရစ်ယာန် ဘုရင့်နိုင်ငံများသည် မူးရ်လူမျိုးများ လက်အောက်တွင်ရှိသော အင်ဒူးလာ့စ်အား ပြည်လည်ရရှိရန် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပေသည်။ အေဒီ ၁၀၉၅ တွင် ပုပ်ရဟန်းမင်း အာဘန် (၂) က စပိန် ခရစ်ယာန်မင်းများ၏ ထိုးစစ်များကို “သာသနာ့စစ်ပွဲ” အဖြစ် အသိအမှတ်ပြု လှုံ့ဆော်လျှက် အရှေ့ပိုင်း၌ ခရစ်ယာန် သာသနာအားကာကွယ်စောင့်ရှောက်ကြရန် အရှေ့ဘက် ရောမ အင်ပါယာထံ၌ အကူအညီတောင်းခံခဲ့ပေသည်။ ၎င်းကို အနောက်ဥရောပမှ ပထမ ကရူးဆိတ် (သာသနာပြုစစ်) အဖြစ် ကြေငြာပြီး ထိုစစ်ပွဲတွင် အီဒက်ဆာ၊ အန္တိအုတ်၊ ထရီပိုလီနှင့် ဂျေရုဆလင် တို့ကို သိမ်းပိုက်ခဲ့ပေသည်။ ဂျေရုဆလင် ခရစ်ယာန် ဘုရင့်နိုင်ငံသည် အစ္စလာမ်တို့၏ သာသနာ့ အဆောက်အအုံများနှင့် ဂျေရုဆလင်ရှိ အစ္စလာမ် အမွေအနှစ်များကို သူတို့၏ လက်အောက်၌ ထိန်းချုပ်ထားခဲ့ပေသည်။ သို့သော် အိုင်မိုင်ယာ့ဒ် မင်းဆက်များကို နှိမ်နင်း၍ နန်းတက်လာသော ဖာတီမိုက်များမှ စစ်သူကြီး ဆလာဒင် (ဆလာအွဒ္ဒင်)သည် အေဒီ ၁၁၈၇ တွင် ဂျေရုဆလင် ဘုရင်နိုင်ငံကို ပြန်လည် တည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အစ္စလာမ်ပိုင်နယ်အဖြစ် ပြန်လည်သတ်မှတ်ခဲ့ပေသည်။ မြင့်မြတ်သော မြို့တော် (ဂျေရုဆလင်) နှင့် အခြားသော သာသနာ့မြေများကို သိမ်းပိုက်နိုင်ရန်အတွက် ဆင်နွှဲခဲ့သော အခြားကရူးဆိတ်များမှာ ခရစ်ယာန် အင်ပါယာများဖြစ်သည့် ကွန်စတန်တီနိုဘဲလ်၊ ဘိုင်ဇန်တိုင် တို့မှာ တွက်ဆထားသည်ထက် ပိုမိုပြင်းထန်စွာ ပေးဆပ်ခဲ့ရ၍ စစ်ပန်း စားရိတ်ထောင်းဖြစ်ခဲ့ရပေသည်။ သို့သော် ထိုကရူးဆိတ်စစ်ပွဲများသည် မူဆလင်တို့အား ခရစ်ယာန်နယ်မြေများသို့ ဆက်လက် ပြန့်ပွားနေခြင်းမှ ကာကွယ်ထားနိုင်ခဲ့ပေသည်။

(ကရူးဆိတ် စစ်ပွဲများကို ခရစ်ယာန် သာသနာ သမိုင်းတွင်ကြည့်ပါ၊)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com